# စာရင်းဇယားမှန်မှ တိုင်းပြည်မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်မြင်ရမည်

**နေပြည်တော် ဧပြီ ၇**

တိုင်းပြည်တွင် စာရင်းရှိရန်၊ စာရင်းမှန်ကန်ရန် အရေးကြီးကြောင်း၊ နိုင်ငံ့စာရင်းမှန်မှ တိုင်းပြည်သည် မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်မြင်ရမည်ဖြစ်ကြောင်း၊ စာရင်းမှန်မှ ရသင့်သည့် အခွန်များရပြီး တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အစိုးရကဏ္ဍ စာရင်းများကို အဓိကထား စစ်ဆေးရသော်လည်း မြန်မာနိုင်ငံ စာရင်းကောင်စီသည် ကိုယ်ပိုင်စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို ကြီးကြပ်ရ၍ ယင်းမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ စာရင်းမှန်ရန်လည်း အရေးကြီးပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းရှင်းကြရန်၊ ဘက်လိုက်ဆောင်ရွက်မှုမျိုး ကင်းရှင်းကြရန်ဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် နေပြည်တော် စာရင်းစစ်ရုံးတို့မှ အရာရှိများအား တွေ့ဆုံပွဲတွင် ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်အရ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပြန်အလှန်လေးစားမှုဖြင့် ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ချက်ချင်း၊ အရေးကြီး စသည့်ကိစ္စများကို ချင့်ချိန်စိစစ်၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အစိုးရစာရင်းထားနည်းတွင် Cash Basis မှ Accural Basis သို့ ပြောင်းလဲရေးဆွဲရန် မိမိတို့ရုံးမှ ကမကထပြုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

